*FOUNDATIONS Judson Communities တာဝန်ခံဒါရိုက်တာ Marlene Po အား တွဲဖက်သာသနာပြု အဖြစ်တာဝန်ပေးအပ်ခြင်း*

ပူးတွဲလုပ်ဆောင်ခြင်းသည် ပြောင်းလဲပြုပြင်ခြင်း၏ အကောင်းဆုံးသော လမ်းကြောင်း ဖြစ်သည်။ အောက်တိုဘာလ ၁၅ရက် တနင်္ဂနွေနေ့၌ ကရာနီမြန်မာအသင်းတော် ဝါရှင်တန်ဒီစီ (Calvary Burmese Church, DC)၊ နိုင်ငံရပ်ခြား သာသနာပြုလုပ်ငန်း၊ အမေရိကန်နှစ်ခြင်း အသင်းတော်များအဖွဲ့ချုပ် (International Ministries, ABCUSA)တို့နှင့် Central Seminary ပူးပေါင်းပြီး Marlene Po အား တွဲဖက်သာသနာပြုအဖြစ် တာဝန်ပေးအပ်ပါသည်။

Ms. Po သည် Central ၏ certificate အစီအစဉ်တစ်ခုဖြစ်သော FOUNDATIONS Judson Communities ၏ တာဝန်ခံဒါရိုက်တာ ဖြစ်ပါသည်။ Central နှင့် International Ministries တို့၏ အရေးပါသော ပူးပေါင်းလုပ်ဆောင်မှု၌ Ms. Po သည် သာသနာပြုတစ်ဦးအနေဖြင့် သူမ၏သာသနာလုပ်ငန်းများကို လုပ်ဆောင်ရန် အသိအမှတ်ပြု တာဝန်ပေးခြင်းခံရပါသည်။

မိတ်ဆွေများ၊ မိသားစု၊ အသင်းတော်မိသားစုများနှင့် International Ministries မှ ကိုယ်စားလှယ်များ နှင့် Central Seminary တို့ အတူတကွ ပါဝင်၍ Marlene ကို ထိုအခမ်းအနား၌ သူမ၏ သာသနာလုပ်ငန်းအတွက် ဆုတောင်းကောင်းချီးပေး ကြပါသည်။ ကျောင်းအုပ်ကြီး Molly T. Marshall မှ "လုပ်ဆောင်မှုသည် အချည်းနှီးမဟုတ်" ဟူသောခေါင်းစဉ်ဖြင့် ဝေမျှပါသည်။ တာဝန်ပေးအပ် သစ္စာဆိုခြင်း အစီအစဉ်ကို Leslie Turley မှဦးဆောင်ပါသည်။ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစည်းပြီး သူမပေါ်လက်တင် ဆုတောင်းကောင်းချီးပေးကြပါသည်။ မြင်ရသူတိုင်းအဖို့ စိတ်လှုပ်ရှားဖွယ်ရာ အခမ်းအနား တစ်ခုဖြစ်ပါသည်။

Po မှ ဤအခမ်းအနားနှင့် ပတ်သက်ပြီး သူမ၏ သာသနာလုပ်ငန်း နှင့် ဝတ္တရားများအပေါ် ယခုကဲ့သို့ ပြောဆိုပါသည် -

Missionary Po ၏ လုပ်ဆောင်မှုကြောင့် မြန်မာနိုင်ငံမှ ပြောင်းရွှေ့အခြေစိုက်လာသူများ အတွက် ပြောင်းလဲပြုပြင် မှုများ ပြုလုပ်နိုင်ပါသည်။ သူမအနေဖြင့် ဝါရှင်တန်ဒီစီနှင့် အနီးဝန်းကျင် အသင်းတော်များအတွက် သင်တန်း တစ်ခုပြီးမြောက် လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအချိန်၌လည်း Buffalo, NY ၌ သင်တန်းတစ်ခု လုပ်ဆောင်နေပါသည်။ သူမဦးဆောင်ရသည့် FOUNDATIONS Judson Communities သည် အခြေခံ ဓမ္မတွေးခေါ်မှုပညာ များကိုပို့ချပြီး မိမိတို့အသင်းအဖွဲ့များ၌ လိုအပ်၍ တူညီသော သာသနာလုပ်ငန်းများ ကို ဘာသာရပ် အလိုက်ပို့ချပါသည်။

Central ၏ Zoom Educational Technology ကို အသုံးပြု၍ ဒေသအသီးသီးမှ ပါဝင်သော သင်ခန်းစာ ပို့ချမှုကို ပြုလုပ်ရန် ကြိုးစားသော်လည်း မရရှိသေးပါ။ Ms. Po အနေဖြင့် ယခုလက်ရှိ သင်တန်းထက် အဆင့်မြင့်သော သင်တန်းပို့ချမှုများကို ပြုလုပ်နိုင်ရန်အတွက် ကျောင်းသားဟောင်းများ၏ လိုအပ်ချက်အပေါ် လုပ်ဆောင်ရန် စီစဉ်နေပါသည်။
ဤ တာဝန်ပေးအပ်ခြင်း အခမ်းအနားမှ ပူးပေါင်းပါဝင်မှု မရှိလျှင်လည်း လုပ်ဆောင်မှုများ ကောင်အထည်ဖော်ရန် မလွယ်ကူပါ။